သတင်းထုတ်ပြန်ချက်

# ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံရှိ မွတ်ဆလင်များအား အစုလိုက်အပြုံလိုက် ဖမ်းစီးချုပ်နှောင်ခြင်းနှင့် အခြားသော ရက်စက်ကြမ်းကြုတ်မှုများကို ICC ထံသို့လွှဲပြောင်းပေးရန်

## ရခိုင်ပြည်နယ်အတွင်းရှိ အာဏာရှင်ဆန်စွာ အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးထိန်းသိမ်းထားမှုနှင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နေသည့် ကန့်သတ်ချုပ်ချယ်မှုများ

(ဘန်ကောက်မြို့၊ ဧပြီလ ၄ ရက်၊ ၂၀၂၄ ခုနှစ်) - မြန်မာအာဏာသိမ်းစစ်ကောင်စီမှ ရိုဟင်ဂျာမွတ်စလင် ပေါင်း ငါးသိန်းကျော်ကို ရခိုင်ပြည်နယ်ရှိ အကျဉ်းစခန်းများနှင့် ကျေးရွာများတွင် ပိတ်လှောင်လျက်ရှိ သည့်လုပ်ရပ်သည် နိုင်ငံတကာဥပဒေအရ လူမျိုးတုံးသတ်ဖြတ်မှုလုပ်ရပ်နှင့် အစုလိုက်အပြုံလိုက် ဖမ်းဆီးချုပ်နှောင်ထားခြင်းဟူသည့် အခြေအနေပင် ဖြစ်သည်ဟု Fortify Rights မှ ပြောကြားခဲ့ပါ သည်။ ယနေ့ Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအသစ်အရ အာဏာသိမ်းစစ်ကောင်စီသည် ရိုဟင်ဂျာ လူထုအား အစုလိုက်အပြုံလိုက် ဖမ်းဆီးချုပ်နှောင်ထားရုံသာမက ပြည်နယ်တဝှမ်းရှိ ဒုက္ခသည် စခန်းများနှင့် ကျေးရွာများတွင်ရှိနေသော ရိုဟင်ဂျာနှင့် ကမန်မွတ်ဆလင်များအတွက် အသက် ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုနှင့် စပ်လျဉ်းသည့် ထောက်ပံ့မှုများကိုလည်း တားမြစ်တင်းကျပ်ထားသည်။

၂၀၁၉ ဖေဖော်ဝါရီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် မြန်မာ့အရေးနှင့်ပတ်သက်သည့် အစည်းအဝေးတစ်ခုကို ယနေ့ကျင်းပရန်စီစဉ်ထားသည်။ ယခုအစည်းအဝေးမှာ ရခိုင်ပြည်နယ် အခြေအနေအရပ်ရပ်ကို အဓိကထား ဆွေးနွေးမည်ဟု မျှော်လင့် ထားသည်။

“အာဏာသိမ်းစစ်ကောင်စီက ရိုဟင်ဂျာတွေကို နေ့စဉ်ရက်ဆက် အစုလိုက်အပြုံလိုက် ပိတ်လှောင်လျက်ရှိရုံသာမက လူသားချင်းစာနာထောက်ပံ့ရေး အကူအညီများကို ပိတ်ပင်ထားသည်” ဟု Fortify Rights မှ စုံစမ်းစစ်ဆေးရေးတွဲဖက် Pavani Nagaraja Bhat က ပြောကြားပါသည်။ “ဒီကိစ္စမှာ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အပြင် အသက်ကယ်ဆယ်ရေး အထောက်အပံ့များကိုပါ ပိတ်ပင်တာက လူမျိုးတုံးသတ်ဖြတ်မှုပါပဲ။ နိုင်ငံတဝှမ်းတွင် ဖြစ်နေတဲ့ အခြားသော ရက်စက်ကြမ်းကြုတ်မှုများနဲ့အတူ မြန်မာစစ်ကောင်စီရဲ့ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ အကူအညီအထောက်အပံ့များ တားဆီးပိတ်ပင်ခြင်းတွေက စစ်ကောင်စီအဖွဲ့ဝင်တွေ ကျူးလွန်လျက်ရှိတဲ့ ရာဇဝတ်မှုတွေကို တာဝန်ယူစေဖို့အတွက်  နိုင်ငံတကာလုပ်ဆောင်ချက်အဖြစ် မဖြစ်မနေလုပ်ဆောင်သင့်ပါတယ်” ဟုလည်း ဆိုပါသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ်၊ မတ်လ အတွင်း Fortify Rights သည် ရခိုင်ပြည်နယ် (အာရက်ကန်ပြည်နယ်) ပေါက်တောမြို့နှင့် စစ်တွေမြို့နယ်များရှိ ဒုက္ခသည်စခန်းများနှင့် ပိတ်လှောင်ထားသည့် အောင်မင်္ဂလာစုရပ် စသည်တို့တွင် နေထိုင်သည့် ရိုဟင်ဂျာနှင့် ကမန်မွတ်ဆလင် ၁၃ ဦးကို တွေ့ဆုံမေးမြန်းခဲ့သည်။ Fortify Rights သည် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်တစ်ဦးနှင့်လည်း စကားပြောဆိုခဲ့သည်။

“စစ်ကောင်စီက လမ်းပန်းဆက်သွယ်ရေးတွေကို လုံးဝပိတ်ဆို့လိုက်ပါပြီ” ဟု ပေါက်တောမြို့နယ်ရှိ အနောက်ရဲ ဒုက္ခသည်စခန်းတွင် နေထိုင်သူ အသက် ၃၂ နှစ်အရွယ် ရိုဟင်ဂျာတစ်ဦးက မြန်မာစစ်ကောင်စီမှ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများနှင့် ကမန်မွတ်ဆလင်များ၏ လှုပ်ရှားသွားလာခွင့်နှင့် ကူညီထောက်ပံ့ရေးဆိုင်ရာ ကန့်သတ်ချက်များဖြင့် လုံးဝနီးပါးပိတ်ပင်ထားသည့်အကြောင်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့တွင် Fortify Rights သို့ရှင်းပြသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလနှောင်းပိုင်းတွင် ရက္ခိုင့်တပ်တော် (AA) သည် ပေါက်တောမြို့နယ်ကို စစ်ကောင်စီလက်အောက်မှ သိမ်းယူခဲ့သည်။ AA ၏ ထိန်းချုပ်မှုအောက်ရှိ ပေါက်တောမြို့နယ်တွင် ရိုဟင်ဂျာ ဒုက္ခသည်စခန်း ၃ ခု ရှိပါသည်။ သို့သော်လည်း ထိန်းသိမ်းရေးစခန်းများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန် စစ်ကောင်စီက ထိန်းချုပ်ထားဆဲဖြစ်သည့် စစ်တွေမြို့ကို

ဖြတ်သန်းသွားလာရမည်ဖြစ်ပြီး ပိတ်လှောင်ထိန်းသိမ်းခံထားရသည့် မွတ်ဆလင်များဆီသို့ အထောက်အပံ့များနှင့်သွားရောက်ကူညီနိုင်ရေးအပေါ် ပြင်းထန်သည့် ကန့်သတ်ချက်များ ချမှတ်ထားသည်။

"ရက္ခိုင့်တပ်တော်က ရခိုင်ပြည်နယ်မှာ နယ်မြေပိုရလာတာနဲ့အညီ ရိုဟင်ဂျာတွေရဲ့ အခွင့်အရေးကို အသိအမှတ်ပြုပြီး အရပ်သားအားလုံးရဲ့ အခွင့်အရေးကို ကာကွယ်ပေးသင့်ပါတယ်" ဟု Pavani Nagaraja Bhat က ပြောသည်။ ရက္ခိုင့်တပ်တော်အနေဖြင့် သူတို့ထိန်းချုပ်ထားနယ်မြေတွေမှာ ရိုဟင်ဂျာတွေကို အစုလိုက်အပြုံလိုက် ပိတ်လှောင်ထားမှုကို အမြန်ဆုံး ရပ်နားသင့်တယ် ဟု ၎င်းက ဆက်လက် ပြောဆိုသည်။

ရခိုင်ပြည်နယ်ရှိ မြန်မာစစ်ကောင်စီနှင့် ပြည်နယ်အဆင့် စစ်ကောင်စီကိုယ်စားလှယ်များသည် ရိုဟင်ဂျာမွတ်ဆလင်ပေါင်း ၁၅၂,၀၀၀ ကျော်ကို ရခိုင်ပြည်နယ်ရှိ မြို့နယ်အများအပြားရှိ ထိန်းသိမ်းရေးစခန်းတစ်ဒါဇင်ကျော်၌ ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ စခန်းအတွင်း ထိန်းသိမ်းခံထားရသူ အများစုသည် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ မူဆလင်များအပေါ် အစိုးရမှ ဦးစီးဦးဆောင်စီစဉ် တိုက်ခိုက်မှုများကြောင့် လွန်ခဲ့သည့် ၁၂ နှစ်တာ ကာလကပင် ထိန်းသိမ်းခံထားရသူများဖြစ်ကြသည်။ အခြား ရိုဟင်ဂျာ ၅၀၀,၀၀၀ ခန့်ကိုလည်း ရခိုင်ပြည်နယ်ရှိ ကျေးရွာများတွင် ပိတ်လှောင်ထိန်းသိမ်းထားပြီး အများစုမှာ မြောက်ဖျားရှိ မြို့ ၃ မြို့ဖြစ်သည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်တို့တွင် ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၏ မြို့တော် စစ်တွေမြို့ရှိ  အောင်မင်္ဂလာရပ်ကွက်သည် နောက်ဆုံးကျန်ရှိတဲ့ မွတ်စလင်ရပ်ကွက် ဖြစ်လာခဲ့သည်။ အကျိုးဆက်မှာမူ ၎င်းသည် နောက်ထပ်ထိန်းသိမ်းရေး စခန်းတစ်ခု ဖြစ်လာခဲ့ပါသည်။

သွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်ချက်များနှင့် ပတ်သက်ပြီး သက်ရောက်မှုများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းရန် ကြိုးပမ်းမှု၊ AA တို့နှင့် တိုက်ပွဲများ ပြင်းထန်လာချိန်မှစတင်ခဲ့ပြီး စစ်ကောင်စီ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိတ်ပင်တားဆီးခြင်း သို့မဟုတ် အဟန့်အတားများကြောင့် ပိုမိုဆိုးရွားလာခြင်းဖြစ်သည်။ ပေါက်တောမြို့နယ်ရှိ အနောက်ရဲ ထိန်းသိမ်းရေးစခန်းတွင် နေထိုင်သူ အသက် ၅၃ နှစ်အရွယ် ငါးဖမ်းသမားတစ်ဦးက Fortify Rights သို့ ပြောသည်။

“AA (ရက္ခိုင့်တပ်တော်) နှင့် စစ်ကောင်စီကြား ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တိုက်ပွဲများ ပြန်လည်စတင်ခဲ့ချိန်ကစပြီး စခန်းအတွင်း နေ့စဉ်စားနပ်ရိက္ခာရှာဖွေရာမှာ အခက်အခဲတွေနဲ့ တော်တော်လေးရင်ဆိုင်ခဲ့ရတယ်။ WFP [ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်] ရဲ့ ရိက္ခာနှင့်အကူအညီ ကိုလည်း ကျွန်တော် မရတော့ဘူး။ တံငါအလုပ်လုပ်ဖူးပေမယ့် အခုတော့ စစ်ကောင်စီရေတပ် တွေ တပ်စွဲထားလို့ မြစ်ထဲ သွားလို့ မရဘူး။ မြန်မာရေတပ်က [ရိုဟင်ဂျာ] ငါးဖမ်းသမားတွေ အားလုံးကို မြစ်ထဲမသွားဖို့ တားမြစ်ထားပါတယ်။”

“ကျွန်တော့်မိသားစုမှာ ကျွန်တော်တစ်ဦးတည်းက ဝင်ငွေရှာသူဆိုတော့ မိသားစုဝင်ခြောက်ယောက်က ကျွန်တော့်ကို မှီခိုအားကိုးကြရပါတယ်။ တစ်ခါတလေဆို ကျွန်တော် တစ်နေ့ကို ထမင်းတစ်နပ်ပဲ စားရတယ်” ဟု ၎င်းက ထပ်မံပြောပါသည်။

ပေါက်တောမြို့နယ်၊ ဆင်တက်မော် အကျဉ်းစခန်းမှ အသက် ၅၃ နှစ်အရွယ် ကမန်အမျိုးသမီးတစ်ဦး က Fortify Rights သို့ပြောကြားသည်မှာ -

“စခန်းမှာနေထိုင်သူတွေက ကျွန်မလိုပဲ ဒီရက်ပိုင်းတွေမှာ ကယ်ဆယ်ရေးအကူအညီတွေကို [လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်းများ] ဆီက မရကြပါဘူး။ ဆန်တစ်အိတ် ပေါက်ဈေးက မြန်မာငွေကျပ် တစ်သိန်း (အမေရိကန်ဒေါ်လာ ၄၅ ခန့်) အထိ တက်လာတော့ ဆန်ဝယ်ဖို့ ကျွန်မမှာ အဲ့လောက်ပိုက်ဆံ မရှိပါဘူး။”

စစ်ကောင်စီက ချမှတ်ထားသော ကန့်သတ်ချက်များသည် ထိန်းသိမ်းရေးစခန်းများတွင် ချုပ်နှောင်ထားခံ ရသည့် ရိုဟင်ဂျာနှင့် ကမန်မွတ်စလင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေးအပေါ်တွင် ဆိုးရွားစွာ သက်ရောက်မှုရှိနေသည်။ ဥပမာအားဖြင့် ပေါက်တောမြို့နယ် အနောက်ရဲ ထိန်းသိမ်းရေး စခန်းမှ အသက် ၃၂ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသားတစ်ဦးက Fortify Rights သို့ ပြောကြားသည်မှာ -

“ကျွန်တော့်သားလေးအတွက် ဆေးကုသဖို့ အခက်အခဲဖြစ်နေပါတယ်။ သူ့မှာ အရေးကြီးတဲ့ ကျန်းမာရေးချို့ယွင်းမှုပြဿနာရှိပါတယ်။ အကယ်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ သာလာခဲ့ရင် ကျွန်တော့်အနေနဲ့ သူနဲ့ ပတ်သက်ပြီး တစ်ခုခုတော့ လုပ်ပေးနိုင်မှာ

ပါ။ ဒါပေမဲ့ အဲ့ဒီအဖွဲ့တွေက စခန်းတွေဆီ မရောက်နိုင်လာနိုင်တော့တဲ့အတွက် အခု ကျွန်တော် တော်တော်ဒုက္ခရောက်နေပါတယ်။ အခုဆို တစ်လကျော်ရှိပြီ။ ရောဂါက နေမထိထိုင်မသာ ဖြစ်ပြီး ပြင်းထန်တဲ့ ရောဂါပါ။ သူ့ရဲ့ နာကျင်မှုကိုလည်း ခံစားရပါတယ်။ ကျွန်တော်တတ်စွမ်း သလောက်နဲ့ ကိုက်ညီတဲ့ ကုသမှုတစ်ခုခုကို ကျွန်တော်ကြိုးစားခဲ့ပါတယ်။ သူတို့က ကျွန်တော့် သားရဲ့ ဆေးကုသမှုကို ပံ့ပိုးပေးမယ်လို့ ပြောတယ်။ ဆရာဝန်က စစ်ဆေးပြီး ထွန်းပုဂ္ဂလိက ဆေးရုံ ဒါမှမဟုတ် စစ်တွေပြည်သူ့ဆေးရုံကြီးမှာ ခွဲစိတ်မှုကို ပြုလုပ်သင့်တယ်လို့ အကြံပြုခဲ့ ပါတယ်။ ဒါပေမယ့် AA နဲ့ စစ်ကောင်စီကြား စစ်ပွဲဖြစ်ကတည်းက မပြန်နိုင်တော့ဘူး။ သွားလာ လှုပ်ရှားခွင့်ကန့်သတ်ချက်တွေ ရှိနေတယ်။"

၎င်းမှ ဆက်လက်၍ "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လွှဲပြောင်းပေးရေးအဖွဲ့များ [နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့အစည်းများ] ကိုတောင် စစ်ကောင်စီက စခန်းအတွင်းသို့ ဝင်ခွင့်မပြုဘူး။ သူတို့တွေ TA [ခရီးသွားလာနိုင်သည့် ခွင့်ပြုချက်] ကို မရခဲ့ကြဘူး" ဟု ပြောပါသည်။

အခြားရိုဟင်ဂျာအကူအညီပေးရေးဝန်ထမ်းတစ်ဦးက စစ်တွေမြို့ရှိ ဆေးရုံသို့ ဆေးဘက်ဆိုင်ရာ အရေးပေါ်လွှဲပြောင်းပေးမှုဆိုင်ရာ ပိတ်ပင်တားဆီးမှုအား ရှင်းပြခဲ့သည်။ "[ညနေ ၄ နာရီ] ကျော်မှာ စစ်ကောင်စီရဲ့ ကန့်သတ်ချက်ကြောင့် လူနာတွေကို လွှဲပြောင်းပေးနိုင်တာမျိုး မရှိခဲ့ပါဘူး။ ညနေပိုင်းနဲ့ ညအချိန်တွေမှာဆို အရေးပေါ်လူနာတွေက အလ္လာဟ်အရှင်မြတ်ဆီမှာပဲ ဆုတောင်းနိုင် ကြပါတယ်။ ဒီစခန်းမှာ ကျွန်ုပ်တို့အတွက် ဆရာဝန်ဆိုတာ မရှိပါဘူး" ဟု ပြောသည်။

စစ်ကောင်စီမှ ကန့်သတ်ထားသော သွားလာလှုပ်ရှားခွင့်များကြောင့် ၂၀၂၂ ခုနှစ် မတ်လတွင် ၎င်း၏ ၁၉ နှစ် အရွယ် ဝမ်းကွဲနှင့် သူမ၏ မမွေးသေးသော ကလေးငယ်သေဆုံးမှုတို့ကိုလည်း သူပြန်ပြောပြခဲ့ ပါသည်။ ၎င်းက Fortify Rights ကိုပြောကြားသည်မှာ -

"ကျွန်မရဲ့ အသက် ၁၉နှစ်အရွယ် ဝမ်းကွဲညီမလေးက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ခံယူမှု မရတာကြောင့် အသက်ဆုံးရှုံးခဲ့ရတာပါ။ တစ်ရက်ကျ သူက ဗိုက်စနာလာတယ်။ ဒါပေမယ့် ကလေးကို မမွေးနိုင်ဘူး ဖြစ်နေတာ။ အဲ့ဒါနဲ့ သူ့ရဲ့ မိသားစုက ရပ်ရွာအခြေပြု ကျန်းမာရေးဝန်ထမ်းကို အကြောင်းကြားကြတယ်။ ကိုယ်ဝန်သည်အမျိုးသမီးရဲ့အခြေအနေက

> စိုးရိမ်ရမှန်းသိတော့ [လူသားချင်းစာနာထောက်ထားမှုအဖွဲ့အစည်း] ကို စစ်တွေဆေးရုံကြီးသို့ ကြိုးစားပြီး လွှဲပြောင်းပေးပို့ဖို့ ခေါ်ခဲ့သည်။ လွှဲပြောင်းပေးရေးအဖွဲ့က မနက် ၈ နာရီမှာ လူနာတွေ ခေါ်လာဖို့ကို စစ်ကောင်စီက ခွင့်မပြုတဲ့အတွက် နောက်တစ်နေ့ မနက် ၈ နာရီမှာ ထွက်လာမယ်လို့ ပြောရပါတယ်။ နောက်နေ့မနက်ထိ လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းကို ကျွန်မတို့ စောင့်နေခဲ့ကြပါတယ်။ ရေတပ်စစ်ဆေးရေးဂိတ်မှာ နာရီပေါင်းများစွာ ကြာနေတာကြောင့် သူတို့ရောက်မလာခင်မှာ မိခင်ရော ကလေးပါ ဆုံးသွားခဲ့ပါတယ်။"

Médecins San Frontiers (MSF) သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်၍ "ပြင်းထန်သော လှုပ်ရှားသွားလာခွင့် ကန့်သတ်ချက်များ" ကြောင့် "တစ်ပတ်လျှင်လူနာ ၁,၅၀၀ ခန့်အား လူနာနှင့် ဆရာဝန် တိုင်ပင်ဆွေးနွေးမှု များဖြင့် ကူညီပေးသည့် ရွေ့လျားဆေးခန်း ၂၅ ခုကို လည်ပတ်နိုင်ရန် တားဆီးနေသည်" ဟု အတည်ပြုကြောင်း ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည်။ အဖွဲ့အစည်းမှ ရှင်းပြသည်မှာ - "လွန်ခဲ့တဲ့ ရက်သတ္တပတ် ကိုးပတ်အတွင်းမှာ ကျွန်တော်တို့အနေနဲ့ အခုလို တားဆီးပိတ်ဆို့မှုတွေ ရှိနေတာတောင် ဆရာဝန်နဲ့လူနာကြား တယ်လီတိုင်ပင်ဆွေးနွေးမှုတွေ ပေးနိုင်ဖို့ ကြိုးစားအဖြေရှာခဲ့ ကြပေမယ့် ကျွန်ုပ်တို့ရဲ့ ရပ်ရွာကျန်းမာရေးဝန်ထမ်းတွေထဲက လူနည်းစုလောက်ပဲ လူနာတွေနဲ့တိုက်ရိုက် တွေ့ဆုံနိုင်ပါတယ်။"

MSF မှ ထုတ်ပြန်သည့် ထုတ်ပြန်ချက်ပြီး ၁၇ ပတ်ကျော်ကာလအတွင်းတွင် MSF သည် ရခိုင်ပြည်နယ်တွင် ၎င်း၏ မိုဘိုင်းဆေးခန်း ၂၅ ခုမှ တဆင့် ပေးပို့နိုင်မည့် လူနာ ၂၅,၅၀၀ ခန့်အတွက် ရွေ့လျားဆေးခန်း ဝန်ဆောင်မှုအကူအညီနှင့် တိုင်ပင်ဆွေးနွေးမှုများကို စစ်ကောင်စီက တားဆီးခဲ့သည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် တွမ်အင်ဒရူးစ်မှ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံစာ၌ ရေးသားထားသည်မှာ -

> "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စစ်ကောင်စီ) မှ ပြဋ္ဌာန်းထားသော လူမျိုးရေးခွဲခြားမှုစနစ်ကို မီးမောင်းထိုးပြနေသည့် နိုင်ငံသားဖြစ်ခွင့်ကို စနစ်တကျ ငြင်းပယ်ခြင်း၊ ပြင်းထန်သော သွားလာလှုပ်ရှားမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် အသက်မွေးဝမ်းကျောင်းပြုခွင့်၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုရရှိခွင့်တို့ကို ငြင်းပယ်ခြင်းစသည်တို့အောက်တွင် ရိုဟင်ဂျာများက

> ဆက်လက်နေထိုင်နေရသည်။  SAC (စစ်ကောင်စီ)နှင့် ရက္ခိုင့်တပ်တော်ကြားရှိ ပြင်းထန်သည့် တိုက်ပွဲများသည် ရခိုင်ပြည်နယ်ရှိ အားနွဲ့သူများထံသို့ ပေးအပ်လာမည့် လူသားချင်းစာနာမှု အကူအညီများကို ပြင်းထန်စွာ ဟန့်တားခဲ့သည်။ အချို့သော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများသည် SAC (စစ်ကောင်စီ)မှ ရခိုင်ပြည်နယ်အတွင်း ၎င်းတို့၏ ခရီးသွားလာခွင့် ခွင့်ပြုချက်အား ၂၀၂၃ ခုနှစ်နှောင်းပိုင်းမှစတင်၍ ရပ်ဆိုင်းလိုက်ပြီ ဖြစ်ကြောင်း အစီရင်ခံတင်ပြပါသည်။"

"ကျွန်မရဲ့ အရင်ရွာကို ပြန်ချင်တယ်" ဟု စစ်တွေမြို့နယ်ရှိ ထိန်းသိမ်းရေးစခန်းတစ်ခုမှ အသက် ၃၂ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသမီး တစ်ဦးက Fortify Rights သို့ ပြောကြားကာ ရခိုင်ပြည်နယ်ရှိ စခန်းများတွင် ထိန်းသိမ်းခံထားရသူများ၏ ဘုံသဘောထားကို ဖော်ပြခဲ့ပါသည်။

ပေါက်တောမြို့နယ် အနောက်ရဲ စခန်းမှ အသက် ၃၂ နှစ်အရွယ် ရိုဟင်ဂျာ အမျိုးသားတစ်ဦးကလည်း Fortify Rights အား "ကျွန်မရဲ့ဇာတိရွာဟောင်းကိုပဲ ပြန်ချင်ပါတယ်။ လူတိုင်းက ကိုယ့်မြေကိုယ်ပြန်ချင်ကြတာပါပဲ။ ဒီနေရာက ကျွန်တော်တို့အတွက် ယာယီနေထိုင်ပေးထားတာဖြစ်ပြီး  ကျွန်တော်တို့နဲ့လည်း မသက်ဆိုင်ပါဘူး။"

ရခိုင်ပြည်နယ်ရှိ ထိန်းသိမ်းရေးစခန်းများရှိ ရိုဟင်ဂျာနှင့် ကမန်မွတ်ဆလင်များကို ချုပ်နှောင်ထားမှုကို အဆုံးသတ်ရန်၊ ၎င်းတို့၏ ဇာတိရွာများသို့ ပြန်နိုင်ရေးနှင့် လျော်ကြေးပေးခြင်းများ ဆောင်ရွက်ပေးရန် စသည်တို့ကို စစ်ကောင်စီမှ ယနေ့အထိ အရေးယူဆောင်ရွက်ခြင်း မရှိသေးပေ။

ရှမ်းပြည်နယ်တွင် မြောက်ပိုင်း ညီနောင်မဟာမိတ်အဖွဲ့ ၁၀၂၇ စစ်ဆင်ရေး စတင်ပြီး တစ်လအကြာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ တွင် AA သည် မြန်မာစစ်ကောင်စီထိန်းချုပ်ထားသော ရိုဟင်ဂျာများနေထိုင်သည့် နယ်မြေများ အပါအဝင် ယခင် မြန်မာစစ်ကောင်စီ ထိန်းချုပ်ထားသော နယ်မြေများကို ကျော်တက်ကာ ရခိုင်ပြည်နယ်အတွင်း AA မှ စတင် တိုက်ခိုက်ခဲ့သည်။

AA သည် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်နှင့် တအောင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်တို့ ပါဝင်သော ညီနောင်မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင် သုံးဦးအနက်မှ တစ်ဦး ဖြစ်သည်။

ပေါက်တောနှင့် စစ်တွေမြို့နယ်များရှိ ဒုက္ခသည်စခန်းများသို့ လူသားချင်းစာနာထောက်ထားမှုအဖွဲ့များ ဝင်ရောက်ခွင့်အပေါ် ကန့်သတ်ချက်များသည် စစ်ဆင်ရေး ၁၀၂၇ အလွန် တိုက်ပွဲများ အရှိန်မြင့်တက်လာသည်နှင့် ဆက်တိုက်ဖြစ်ပေါ်လာခဲ့သည်။

Fortify Rights မှ မကြာသေးမီက စုဆောင်းရရှိထားသော အထောက်အထားများသည် မြန်မာစစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများနှင့်အတူ အပြည်ပြည်ဆိုင်ရာ (ICJ) မှ ဖော်ပြထားသည့်အတိုင်း လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သက်သေစံနှုန်းများနှင့် အပြည့်အဝကိုက်ညီနေပါသည်။ အထူးသဖြင့် ရိုဟင်ဂျာနှင့် ကမန်မွတ်ဆလင်များကို အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးပိတ်လှောင်ထားခြင်းအပြင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများအပေါ် တားမြစ်ကန့်သတ်ချက်များသည် သက်ဆိုင်ရာလူမျိုးအုပ်စုကို ဖျက်ဆီးစေလိုရန် ရည်ရွယ်ထားသော လူနေမှုဘဝအခြေအနေများကို ရှင်းရှင်းလင်းလင်းနှင့် အသေအချာကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်မှုတွင် အချက်သုံးချက် ပါဝင်သည် - (၁) တားမြစ်ထားသော ရာဇဝတ်မှုငါးခုမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ရာဇဝတ်မှုကျူးလွန်ခြင်း၊ (၂) အမျိုးသားရေး၊ လူမျိုးစုဝင်နှင့်သက်ဆိုင်သော လူမျိုးရေး၊ သို့မဟုတ် ဘာသာရေးအုပ်စုကို ဆန့်ကျင်ခြင်း၊ (၃) လူထုအဖွဲ့တစ်ခုသို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် လူတစ်စု၏ တွက်ချက်ထားသည့် ဆိုးရွားသော ဘဝအခြေအနေများကို ထိခိုက်စေမည့် ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးခြင်းကို ဖြစ်ပေါ်စေခြင်းတို့သည် တားမြစ်ထားသော ရာဇဝတ်မှုငါးခုအနက်မှ တစ်ခုဖြစ်ပြီး လူမျိုးတုံးသတ်ဖြတ်မှုလုပ်ရပ်ဖြစ်သည်။ သို့ရာတွင်ယင်းလုပ်ရပ်တွင် နိုင်ငံတကာ ရာဇဝတ်ခုံရုံးများအရ လူတစ်စုအား လုံလောက်သော စားသောက်နေထိုင်မှုနှင့် အခြေခံဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ ရရှိခွင့်ကို ပိတ်ပင်ခြင်း၊ စနစ်တကျနည်းဖြင့် နေအိမ်များမှ အတင်းအဓမ္မ နှင်ထုတ်ခြင်းစသည်တို့ ပါဝင်ကြောင်း လည်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အဆိုပါလုပ်ရပ်တွင် သင့်လျော်သောအဝတ်အစား၊

FORTIFY RIGHTS

တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် အိမ်ရာများကို အသုံးပြုခွင့်ကို ငြင်းပယ်ခြင်းကဲ့သို့သော "ဖြည်းဖြည်းချင်း သေဆုံးသွားစေမည့်အဖြစ်ကို ဦးတည်နေသည့် အခြေအနေများဖန်တီးခြင်း" တို့လည်း ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေအရ လွတ်ငြိမ်းချမ်းသာခွင့်သည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) နှင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ အပေါ်ထားရှိသည့် အပြည်ပြည်ဆိုင်ရာပဋိညာဉ် (ICCPR) တို့က အကာအကွယ်ပေးထားသည့် အခြေခံအခွင့်အရေးဟု ယူဆပါသည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာအရေးကိစ္စများနှင့် စပ်လျဉ်း၍ လုပ်ဆောင်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့၏ အဆိုအရ "လူတစ်ဦးသည် ၎င်း၏ လွတ်လပ်စွာ သဘောတူညီမှုမရှိဘဲ ထိန်းသိမ်းခံရသည့်အခါတွင် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဆုံးရှုံးခြင်း ဖြစ်ပေါ်ပါသည်" ဟုဆိုပြီး ထိုသို့သော လွတ်ငြိမ်းချမ်းသာခွင့်များ ဆုံးရှုံးမှုကို မျှတစေသည့် တရားဝင်ခံအချက်များဖြင့် အသနားခံတောင်းဆိုရန် လုံးဝမဖြစ်နိုင်သောအခါတွင်" ယင်းဆုံးရှုံးမှုသည် မတရားသဖြင့် အကြွင်းမဲ့အာဏာရှင်ဆန်လာပါသည်။ လူမျိုး၊ ကိုးကွယ်ယုံကြည်မှု သို့မဟုတ် အမျိုးသားရေးဇစ်မြစ်ကိုအခြေခံ၍ ခွဲခြားဆက်ဆံမှု အပေါ်မူတည်ပြီး မတရားဖမ်းဆီးထိန်းသိမ်းခြင်း သည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။

"ဖမ်းဆီးထိန်းသိမ်းခြင်းဆိုသည်မှာ လူတစ်ဦးအား သတ်မှတ်ထားသည့်နေရာတစ်နေရာတွင် ဖမ်းဆီးပြီး ဆက်လက်ဖမ်းဆီးသည်ဖြစ်စေ၊ မဖမ်းဆီးသည်ဖြစ်စေ ထိုသူအား ၎င်း၏ မိသားစုနှင့် နေထိုင်ခွင့် ပိတ်ပင်ခြင်း၊ သာမန်နေ့စဉ်အလုပ်တာဝန်များနှင့် လူမှုရေးကိစ္စရပ်များ လုပ်ဆောင်ခွင့်ပိတ်ပင်ခြင်း စသည့် ကန့်သတ်ချက်များအောက်တွင် ထိန်းသိမ်းထားသည့် လုပ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီမှ သတ်မှတ်ပါသည်။ ထိုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းခြင်းသည် UDHR ၏ အပိုဒ် ၁၄ နှင့် ICCPR ၏ အပိုဒ် ၁၃ အရ အာမခံထားသည့် လူတိုင်း လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်ကို ချိုးဖောက်နေပါသည်။

ကုလသမဂ္ဂ၏ လမ်းညွှန်ချက်စည်းမျဉ်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ လမ်းညွှန်ချက် ၁၂ အရ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများသည် ခြွင်းချက်ဖြစ်သည့် အခြေအနေကိစ္စရပ်များအောက်တွင်သာ လုံးဝကို လိုအပ်မှသာ ထိန်းသိမ်းခံရနိုင်ပြီး အခြေအနေအရ လိုအပ်သည်ထက် ပိုကြာမြင့်စွာ ထိန်းသိမ်း မရနိုင်ကြောင်း ဖော်ပြထားသည်။

Fortify Rights နှင့် စကားပြောဆိုခဲ့ကြသည့် ထိန်းသိမ်းရေးစခန်းများနှင့် အောင်မင်္ဂလာရပ်ကွက်မှ ရိုဟင်ဂျာနှင့် ကမန်အားလုံးသည် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များအပေါ် အစိုးရမှ ကမကထပြုသော အကြမ်းဖက်မှုများ ဖြစ်ပွားစဉ်ကတည်းက မတရားဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။ ယင်းသို့ ချုပ်နှောင်ထားမှုသည် သွားလာရေးနှင့် စားဝတ်နေရေးဆိုင်ရာ အသက်မွေးဝမ်းကြောင်းပြုမှု စသည်တို့ အပါအဝင် ၎င်းတို့၏ အခြားသော အခွင့်အရေးများကို အသုံးမချစေရန် တားမြစ်ထားကာ မတရားချုပ်နှောင်ခြင်းနှင့် အကန့်အသတ်မရှိ ဖမ်းဆီးထိန်းသိမ်းခြင်းတို့ ဖြစ်ပေါ်လာသည်။

အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေသည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီပေးရေးလုပ်သားများအတွက် လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခွင့်ကိုလည်း ကာကွယ်ပေးထားပါသည်။ အာဏာပိုင်များအနေဖြင့် “မဖြစ်မနေလိုအပ်သော စစ်ရေးလိုအပ်ချက်” အခြေအနေကိစ္စရပ်များတွင်သာ အကူအညီပေးနေသော အလုပ်သမားများအတွက် လွတ်လပ်စွာ သွားလာခွင့်ကို အကန့်အသတ်နှင့် ယာယီသာ ကန့်သတ်ထားနိုင်သည်။ စစ်ကောင်စီသည် “လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖွဲ့များ၏ လွတ်လပ်သော ဖြတ်သန်းသွားလာမှုကို လွယ်ကူ ချောမွေ့စေရန်” နှင့် အကူအညီပေးရေးလုပ်သားများအတွက် ထိန်းသိမ်းရေစခန်းများရှိ လူမှု အသိုင်းအဝိုင်းများသို့ “အမြန်ဆုံးနှင့် အတားအဆီးမဲ့ဝင်ရောက်ခွင့်” ရှိစေရန် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်သည်။

အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ရှောင်လွှဲရနိုင်သော ကူညီထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးမှုများသည် နိုင်ငံတကာဥပဒေအရ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သက်သေအထောက်အထားများ ကို “ရှင်းရှင်းလင်းလင်းနှင့် ယုံကြည်ရသော” သက်သေအဖြစ် ပြသနေရုံသာမက ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ထုတ်ပြန်ခဲ့သော ယာယီအကာအကွယ် ပေးရေးအစီအမံများကို ချိုးဖောက်ကြောင်း အထောက်အထားများအဖြစ်လည်း ပြသနေပါသည်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဂမ်ဘီယာနိုင်ငံသည် လူမျိုးတုံးသတ်ဖြတ်မှုနှင့်စပ်လျဉ်းသည့် သဘော တူညီချက်အရ ချိုးဖောက်သည့် “မြန်မာစစ်ကောင်စီမှ ရိုဟင်ဂျာအုပ်စုဝင်များအပေါ် သဘောတူညီ လက်ခံထားခြင်း၊ ဖယ်ရှားပစ်ခြင်းနှင့် ကျူးလွန်သမျှပြစ်မှုများကို လျစ်လျူရှုထားခြင်း” စသည့် လုပ်ရပ်

များမှတစ်ဆင့် ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် မြန်မာနိုင်ငံအား တရားစွဲဆိုခဲ့သည်။ တရားဝင်တရားစွဲဆိုမှုများ၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ICJ မှ ရိုဟင်ဂျာလူမျိုးများအား အကာအကွယ်ပေးရေးဆိုင်ရာ တရားဝင်စည်းကြပ်မှုဆိုင်ရာ ယာယီအစီအမံများကို တညီတညွတ်တည်းဖော်ပြခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သက်သေအထောက်အထားများကို တားဆီးရန်၊ ထိန်းသိမ်းထားရန်နှင့် "ထိုကဲ့သို့သောကိစ္စရပ်များ ဖြစ်သည့်နိုင်ငံတကာတွင် ဆက်လက်ဖြစ်ပွါးနေသည့် မှားယွင်းသော လုပ်ရပ်များကို အလျင်အမြန် ရပ်စဲရန်နှင့် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာနှင့်စပ်လျဉ်းသည့် သဘောတူညီချက်အရ လုပ်ဆောင်ရမည့် တာဝန်များကို အပြည့်အဝ လေးစားရန် လိုအပ်ပါသည်။

"ရိုဟင်ဂျာနဲ့ ကမန်မွတ်ဆလင်တွေကို အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးထိန်းသိမ်းခံထားရမှုများနဲ့ ရှောင်လွှဲလို့ရတဲ့ ကူညီထောက်ပံ့ရေးဆိုင်ရာ ဆုံးရှုံးမှုများအတွက် ရရှိထားသည့် အထောက်အထားများ ကို တုံ့ပြန်ရာ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)ရဲ့ ယာယီအစီအမံတွေကို စစ်ကောင်စီမှ မလိုက်နာကြောင်း အတည်ပြုတဲ့ လူထုထုတ်ပြန်ချက်တစ်ခု ထုတ်သင့်ပြီး နောက်ထပ် အရေးယူလုပ်ဆောင်ချက်တွေအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အလျင်အမြန် ပေးပို့ဖော်ထုတ် သင့်ပါတယ်" ဟု Fortify Rights က ပြောသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ICJ ၌ မြန်မာနိုင်ငံအပေါ် တရားစွဲဆိုထားသည့် အမှုအပြင် ICC မှ အစိုးရရှေ့နေချုပ်ကို ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကြပ်ပို့ခြင်းနှင့် လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲရန် စီရင်ပိုင်ခွင့်အာဏာကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ပေးအပ်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရမှ တရားစီရင်ပိုင်ခွင့်ကို ပေးအပ်ထားသော်ငြားလည်း ICC အနေဖြင့် အတင်းအကြပ် နိုင်ငံမှနှင်ထုတ်ခြင်းအား စုံစမ်းစစ်ဆေး နေချိန်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုကဲ့သို့ ရာဇဝတ်မှုများနှင့် ၂၀၂၁ ခုနှစ်တွင် စစ်ကောင်စီမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှစ၍ မြန်မာလူမျိုးများအပေါ် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကျူးလွန်ထားသော ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းမပြုသေးပေ။

၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews က ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ ၎င်း၏ အစီရင်ခံစာ၌ မြန်မာနိုင်ငံဆိုင်ရာ အခြေအနေများကို ရောမ ဥပဒေပုဒ်မ ၁၄ အရ ICC အဖွဲ့ဝင်နိုင်ငံများအား လွှဲပြောင်းပေးရန် ၎င်း၏ အစီရင်ခံစာ၌ တောင်းဆိုခဲ့သည်။

> "လူမျိုးတုံးသတ်ဖြတ်မှုမှ လွတ်မြောက်လာသူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအပေါ် စစ်ကောင်စီမှ ဆက်လက်ကန့်သတ်ချုပ်ချယ်ထားမှုက နိုင်ငံတကာဥပဒေကို ပြင်းထန်စွာချိုးဖောက်ကျူးလွန်မှုများကို ရပ်တန့်လိုခြင်းမရှိကြောင်း သက်သေပြနေပါတယ်" ဟု Pavani Nagaraja Bhat ဆိုပါသည်။ "နိုင်ငံတကာ အသိုက်အဝန်းများ အထူးသဖြင့် ICC အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ တတ်နိုင်သမျှ နည်းလမ်းပေါင်းစုံဖြင့် စစ်ကောင်စီကို တာဝန်ခံမှုရှိစေရန် အရေးတကြီး တာဝန်ယူဆောင်ရွက်ရပါမယ်" ဟု ၎င်း မှ ဆက်လက်ပြီးပြောပါသည်။

**သတင်းအချက်အလက်များပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**Pavani Nagaraja Bhat**, Investigations Associate, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ ဟင်ဒီ

+91 807 323 7136 (Signal, WhatsApp)

အီးမေးလ် - Pavani.Nagarajabhat@fortifyrights.org

တွစ်တာ/X - @Curly_friess, @FortifyRights

**Ejaz Min Khant**, Human Rights Associate, Fortify Rights

ဘာသာစကားများ - မြန်မာ၊ အင်္ဂလိပ်

+1 323 7040 220 (Signal, WhatsApp)

အီးမေးလ် - ejaz.minkhant@fortifyrights.org

တွစ်တာ/X - @ejaz_minkhant, @FortifyRights

**John Quinley III**, Director, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 62 814 1130 (Signal, Whatsapp)
အီးမေးလ် - John.Quinley@FortifyRights.org
တွစ်တာ/X - @john_hq3, @FortifyRights

**Matthew Smith**, Chief Executive Officer, Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်
+66 85 028 0044 (Signal; WhatsApp), +1 202 503 8032 (U.S.)
အီးမေးလ် - Matthew.Smith@FortifyRights.org
တွစ်တာ/X - @MatthewFSmith, @FortifyRights